ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း

အကျဉ်းချုပ်

2.1.2023

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

ရန်သူတပ်သားသေဆုံး	ရန်သူတပ်သားဒဏ်ရာရ
(၁၃) ဦး	**စုံစမ်းဆဲ**

အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

ချင်းပြည်နယ်

ဇန်နဝါရီလ(၁)ရက်နေ့မနက်(၁၀:၃၀)နာရီခန့်က တီးတိန်မြို့နယ်တွင် တပ်အပြောင်းအလဲကို အကြောင်းပြပြီး စီးယင်း (Siyin)နယ်မြေအတွင်း ချီတက်လာသော ရန်သူတပ်သားများကို MEDF နှင့် Civic Defense Militia (CDM) Siyin ပူးပေါင်းအဖွဲ့တို့တိုက်ခိုက်ခဲ့ရာ ရန်သူတပ်မှ (၂)ဦး သေဆုံးပြီး ဒဏ်ရာရရှိသူအများအပြားဖြင့် ကလေးမြို့ဘက်သို့ တောလမ်းအတိုင်း ပြန်လည်ဆုတ်ခွာသွားကြောင်း သိရသည်။

မွန်ပြည်နယ်

ဇန်နဝါရီလ(၂)ရက်နေ့မနက်(၈)နာရီခန့်က ရေးမြို့နယ်၊ ကျုံလောင်းရွာဟောင်းအနီးရှိ Mytel တာဝါတိုင်အား YE ဘီလူးအဖွဲ့မှဖောက်ခွဲတိုက်ခိုက်ခဲ့ပြီးနောက် တာဝါတိုင်ဆီသို့ စစ်ကြောင်းတက်လာသည့် ရန်သူတပ်အား YE ဘီလူးအဖွဲ့က ကြားဖြတ်တိုက်ခိုက်ခဲ့ရာ ရန်သူတပ်သား(၇)ဦးခန့် သေဆုံးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်း

- ဇန်နဝါရီလ(၂)ရက်နေ့နေ့လည်(၁၂:၅၀)နာရီမှ(၂)နာရီထိ ခင်ဦးမြို့နယ်၊ ယောင်သွားအိုင်ကျေးရွာနှင့် ထနောင်းကိုင်းလေးလမ်းဆုံကြား ရွှေဘို-မြစ်ကြီးနားလမ်းပေါ်တွင် အလယ်သျှိုကျေးရွာမှ ပြန်လည်ထွက်ခွာလာသော ရန်သူတပ်သား၊ ပျူစောထီးပါ ကား (၄)စီးကို ပြည်သူ့ကာကွယ်ရေးတပ်မတော်(ရွှေဘိုခရိုင်)တပ်ရင်း၊ မြို့နယ် ပလဖ၊ ရောင်နီပြောက်ကျား၊ ရပ်/ကျေးပကဖ၊ ဒေသခံကာကွယ်ရေးတပ်ဖွဲ့တို့မှ မိုင်း(၂)ကြိမ်ဆွဲပြီး အပြန်အလှန် ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

- ဇန်နဝါရီလ(၁)ရက်နေ့ညနေ(၄:၃၀)နာရီခန့်မှ(၆)နာရီထိ ခင်ဦးမြို့နယ်၊ အလယ်သျှိ ကျေးရွာသို့ ရောက်ရှိတပ်စွဲထားသော ရန်သူတပ်သား၊ ပျူစောထီး အင်အား (၉၀)ခန့်ကို ခင်ဦးမြို့နယ် ပကဖ၊ ရွှေဘိုခရိုင်တပ်ရင်းများ၊ ဒေသခံကာကွယ်ရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရန်သူတပ်သားများ ဆုတ်ခွာသွားခဲ့ရသည်။
- ဇန်နဝါရီလ(၁)ရက်နေ့မနက်(၁၀:၄၅)နာရီခန့်က ကန့်ဘလူမြို့နယ်၊ ရွှေဘို-မြစ်ကြီးနားလမ်းဘေးရှိ ကွင်းကိုးကြံစိုက်ပျိုးရေးတပ်ကို Kanbalu Underground Warriors၊ မြေပြင်လှုပ်ရှားညီနောင်များ၊ လင်းယုန်နီ၊ ကန့်ဘလူမြို့နယ်ပကဖ၊ MPF U.18၊ ကန့်ဘလူတောင်ခြမ်း LPDF အဖွဲ့များပူးပေါင်း၍ 60 mm (၁၀)လုံးဖြင့်သွားရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

မကွေးတိုင်း

ဇန်နဝါရီလ(၁)ရက်နေ့မနက်(၁)နာရီခန့်က ရေစကြိုမြို့နယ်၊ ရေစကြိုမြို့ အမှတ်(၁)ရပ်ကွက်၊ ကပ်ကျော်ကျောင်းတိုက်ဝန်းအတွင်း တပ်စွဲထားသော ပျူစောထီးတပ်ဖွဲ့ဝင်များနှင့်ရန်သူတပ်ဖွဲ့ဝင်များအား Myingyan Black Tiger (MBT) ၊ Ubran Underground Revolution Force (UURF – YSO)၊ Black Wolf PDF MDY၊ ခွပ်ဒေါင်းနီတပ်ဖွဲ့၊ Myingyan-35၊ VOMDY - Front Warrior၊ ဒေါင်းညီနောင်တပ်ဖွဲ့နှင့် ရေစကြိုမြို့နယ်အခြေစိုက် ဒေသကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့များက စီးနင်းတိုက်ခိုက်ခဲ့သောကြောင့် ရန်သူတပ်ဖွဲ့ဝင် (၄) ဦးသေဆုံးခဲ့ပြီး များစွာထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

အာဏာသိမ်းအကြမ်းဖက်စစ်တပ်ကျူးလွန်သော ရာဇဝတ်မှုများ

စစ်ကိုင်းတိုင်း

ဇန်နဝါရီလ(၁)ရက်နေ့မနက်(၇)နာရီခန့်က မော်လိုက်မြို့နယ်၊ ထေဘာကျေးရွာကို ရန်သူတပ်သားများ၊ ပျူစောထီးများက ပြည်သူပိုင်နေအိမ်များကို ဝင်ရောက်မီးရှို့ခဲ့သည်။

မကွေးတိုင်း

ဇန်နဝါရီလ(၁)ရက်နေ့နေ့လည်(၁၂:၃၀)နာရီခန့်က ဆောမြို့နယ်၊ ကျောက်ထုဒေသ၊ အမြောက်တပ် အတွင်းမှ ရန်သူတပ်သား(၃၀)ခန့်ကကျောက်ထုမြို့ဂုံဘိုရပ်ကွက်အတွင်းသို့ဝင်ရောက်ကာဒေသခံပြည်သူ(၂) ဦးအားဖမ်းဆီးခဲ့သည်။